


ဇော်ဂျီ

# ညီသစ်ဆင်း ကဗျာစု

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# ညီသစ်ဆင်းကဗျာစု

(၁၉၆၄ - ၁၉၇၄)

ဇော်ဂျီ

ဆရာဇော်ဂျီ၏ ၉၆နှစ်ပြည့်မွေးနေ့သို့ အလွမ်းပြေ
၂၀၀၃ ခုနှစ် ဧပြီလ

| | |
|---|---|
| စာမူခွင့်ပြုချက် | ၃၇/၂၀၀၂(၁၀) |
| မျက်နှာဖုံးခွင့်ပြုချက် | ၇/၂၀၀၃ (၁) |

| | |
|---|---|
| မျက်နှာဖုံးနှင့်အတွင်း | ဇော်မောင် |
| စာအုပ်ချုပ် | ဦးမြင့် |

| | |
|---|---|
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>ကျွန်းတောလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးတင်ရှိန်<br>စန်းရောင်ရှိန်စာပေ<br>၄/၁၇၇၊ မေခလမ်း<br>မြောက်ဥက္ကလာပ၊ ရန်ကုန်။ |

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | ဧပြီလ၊ ၂၀၀၃ |
| တန်ဖိုး | ၅၀၀ ကျပ် |

## မာတိကာ


| | | |
|---|---|---|
| ၁။ | ပြောလိုက်ပါဘိ ဟောပါဘိ | ၇ |
| ၂။ | မအိုပွဲ | ၉ |
| ၃။ | စွမ်းရည်အလှ | ၁၁ |
| ၄။ | စွယ်စုံအလှ | ၁၃ |
| ၅။ | လုပ်အားအလှ | ၁၄ |
| ၆။ | ဂုဏ်အလှ | ၁၅ |
| ၇။ | ဝိရူရဒုက္ခ | ၁၇ |
| ၈။ | ပစ္စည်းအလှ | ၂၆ |
| ၉။ | ရပ်ရွာအလှ | ၂၇ |
| ၁၀။ | စကားအလှ | ၂၉ |
| ၁၁။ | သခင်အောင်ဆန်းတရား | ၃၁ |
| ၁၂။ | စာပေအလှ | ၃၃ |
| ၁၃။ | အိမ်အလှ | ၃၄ |
| ၁၄။ | ပြည်ချစ်အလှ | ၃၇ |
| ၁၅။ | လွတ်လပ်ရေး အောင်ပွဲနေ့ | ၃၉ |

၁၆။ တို့ပြည်ထောင်စု ၄၂
၁၇။ တပ်မတော်နေ့ဆုတောင်း ၄၄
၁၈။ အာဇာနည်နေ့ဆန္ဒ ၄၈
၁၉။ မင့်အိမ် ၅၀
၂၀။ လွတ်လပ်ရေးနေ့တရား ၅၃
၂၁။ ပြည်ထောင်စုနေ့ ၅၅
၂၂။ သူ့အပြုံး ၅၈
၂၃။ မင့်သဘော ၆၁
၂၄။ ဓေတဝန်နှင့် ရောဟိနီ ၆၅
– အတ္ထုပ္ပတ္တိအကျဉ်း ၆၇

## ပြောလိုက်ပါဘိ ဟောပါဘိ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သက်လှယ်၊ မင့်သားငယ်သည်
သက် နှစ်ဆယ်ပင် ပြည့်ခဲ့ပြီ။

သူ သုံးနှစ်သား၊ ဖော်ချင်းများနှင့်
အူယား ဖားယား
ကစားရာမှ၊ နွားရုပ်ချ၍
နတ်ကျသည့်သွင်၊ မင့်ရင်ခွင်သို့
ပြေးဝင်ပုန်းလာ၊ သူ့မူရာကို
ငါမြင်ခဲ့၏ မှတ်မိ၏။

မိုးကစိုစို၊ ကျီးအုပ်ပြို၍
ထိုမှ ဤမှ၊ တို့လမ်းမတွင်
ပျံကြ ဝဲကြ၊ ငရဲထသို့
အုံကြွမြည်အာ၊ မသာယာကို
ငါကြားခဲ့၏ မှတ်မိ၏။

ထိုနေ့၌ပင်၊ ထိုချိန်ထင်၏
သခင်အောင်ဆန်း၊ ပြည်သူ့ပန်းသည်
ပွင့်လန်းခါစ၊ ကြွေလိုက်ရ၏
မြေခ သတင်း၊ မိုးကြိုးခွင်းသို့
အိမ်တွင်း အိမ်ပြင်၊ တို့လမ်းခွင်၌
မချင့်မရဲ၊ ဝမ်းနည်းခံခက်
မျက်စိ မျက်နှာ၊ ညှိုးကျရှာသည်
ရွာဦးပိုင်းမှ သင်္ချိုင်းထိ။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ နှစ်ဆယ်သက်စစ်
သူတို့ခေတ်၌
တိုင်းချစ် ပြည်ခင်၊ မြတ်စေချင်၏
မင်းမြင် ငါကြား၊ စကားဥဒါန်း
ဆန်း၏သတ္တိ၊ ဆန်း၏သမာဓိ
ဆန်း၏ပညာ၊ ဆန်းမှာဆုံပေါင်း
ယောကျ်ားကောင်းတို့၊ ခေါင်းဆောင်သဘော
မင့်သားချောကို
ပြောလိုက်ပါဘိ ဟောပါဘိ။ ။

မိုလ်ချုပ်အောင်ဆန်းကဗျာများ၊ ဓူလိုင် ၁၉၆၄။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းနှင့် ငါနှင့်၊ စိတ်ချင်းသင့်၍
အခွင့်သာခိုက်၊ မန်းတစ်ပိုက်တွင်
မဟိုက် မပန်း၊ တို့ရှင်လန်းခဲ့
လမ်းမကိုခွာ၊ လမ်းမြွှာကိုရွေး
လမ်းသေးသေးက
ရှေးဟောင်းကျောင်းကန်၊ တံတိုင်းရံတည့်
စစ်ဒဏ် မီးဒဏ်၊ ကာလဒဏ်မှ
ခံနိုင်သရွေ့၊ ကျန်သရွေ့ကို
တစ်နေ့ကလည်း ရောက်ခဲ့၏။

တောင်သမန်ကွင်း၊ တို့အဆင်းတွင်
အင်းမြေမှာတွား၊ ကင်းခြေများသို့
တံတားသာဟန်၊ ရှေးလက်ကျန်တည့်
မိုးဒဏ် လေဒဏ်၊ ဖဝါးဒဏ်မှ
ခံနိုင်သရွေ့၊ ကျန်သရွေ့ကို
မနေ့ကလည်း ရောက်ခဲ့၏။

မြစ်ငယ်ဘက်မှ၊ မြို့အင်းဝတွင်
ရှေးက နန်းတော်၊ ခုသော် ယာတော
ကျုံးကော ကျုံးပက်၊ မြို့ရိုးအက်တည့်
ပရွက် ခြဒဏ်၊ ညောင်မြစ်ဒဏ်မှ
ခံနိုင်သရွေ့၊ ကျန်သရွေ့ကို
ယနေ့တွင်လည်း ရောက်ခဲ့၏။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းနှင့် ငါနှင့်၊ စိတ်ချင်းသင့်၍
လွှင့်ခဲ့ပျော်မွေ့၊ ထိုသုံးနေ့တွင်
တစ်နေ့တစ်မျိုး၊ ပုံသုံးမျိုးသည်
အကျိုးအပဲ့၊ အရွဲ့အစောင်း
အဟောင်းအမြင်း၊ အိုမင်းလျှောကျ
ပျက်ဟန်ပြ၏။
ပြောကြ ဟောကြ၊ တိုက်ကြ ခိုက်ကြ
ပြုကြ ပြင်ကြ၊ နိုင်ကြ ရှုံးကြ
ခင်းခဲ့ကြသည့်၊ ရှေးကဇာတ်ထုပ်
ရှေးရုပ်အစုံ၊ မှိုင်းမှုန်မှုန်ကား
ကြိုက်ကြုံခဏ၊ ပြည်ဖုံးမရ
ကမြဲ ဆိုမြဲ မအိုပွဲ။ ။

ငွေတာရီ အမှတ် ၄၉၊ ဇူလိုင် ၁၉၆၄။

## စွမ်းရည် အလှ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်
ဘယ်ပညာမှာ စွမ်းသနည်း။

စွမ်းသည်ခြင်းရာ၊ ဆိုသည်မှာကား
စာတွေ့သက်သက်၊ စာမာန်တက်၍
စာထွက်များလျား၊ စကားတွတ်တွတ်
ရွတ်တတ် အံ့ဘနန်း၊ သည်အစွမ်းသည်
စွမ်းရည်မရှိ သူ့ကိုယ်ကျိုး။

စာတွေ့အသိ၊ ကိုယ်တွေ့ညှိ၍
မှန်၏ ကောင်း၏၊ ဉာဏ်ဖြင့်သိ၍
သတိထိန်းချုပ်၊ စိတ်ကောင်းအုပ်၍
အလုပ်ချစ်ခင်၊ ဂုဏ်ဟုမြင်၍
လိုချင်ကြိုးပမ်း၊ သည်အစွမ်းသည်
စွမ်းရည်မိုးထိုး အများကျိုး။ ။

၊ ရှေ့ဆောင်လူငယ် အတွဲ ၁၊ အမှတ် ၁၊ ဩဂုတ် ၁၉၆၄။



# စွယ်စုံ အလှ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်
ဘယ်ပညာမှာ တော်သနည်း။

တော်သည်ခြင်းရာ၊ ဆိုသည်မှာကား
လက်ရာဆန်းသစ်၊ ခေတ်မီဆန်းပြား
တိုင်းခြားနည်းစုံ၊ အပုံပုံကို
တတ်ရုံမျှဖြင့် မပြီးသေး။

တို့မြေ တို့ရေ၊ တို့ အခြေနှင့်
တို့ငွေ တို့အား၊ တို့ စိတ်ထားနှင့်
စည်းဝါးကိုက်ညီ၊ ညှိကြံစည်မှ
တော်သည် ယူဆ စွယ်စုံလှ။ ။

ရှေ့ဆောင်လူငယ် အတွဲ ၁၊ အမှတ် ၃၊
အောက်တိုဘာ ၁၉၆၄။

# လုပ်အား အလှ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်
ဘယ်အလုပ်ကို လုပ်မည်နည်း။

အလုပ်ခြင်းရာ၊ ဆိုသည်မှာကား
ကာယ ဉာဏ၊ စွမ်းပြအင်အား
တစ်ပါးပါးဖြင့်
မနားမသုန်၊ ဖိန့်ဖိန့်တုန်အောင်
လုပ်ရုံမျှဖြင့် မပြီးသေး။

စားဝတ်နေမှု၊ ဤသုံးခုကို
လူ့ဓမ္မတာ၊ ဆည်းပူးရာဝယ်
ပြည်ရွာအကျိုး၊ အများကျိုးလည်း
သယ်ပိုးပါမှ လုပ်အားလှ။ ။

ရှေ့ဆောင်လူငယ် အတွဲ ၁၊ အမှတ် ၄၊ နိုဝင်ဘာ ၁၉၆၄။


# ဂုဏ်အလှ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်
ဘယ်ဂုဏ်မျိုးကို ကြိုက်သနည်း။

ရွှေဂုဏ် ငွေဂုဏ်၊ ရာထူးဂုဏ်သည်
လူ့ဘုံလောက၊ အကာမျှတည့်
သူက ငြူစူ၊ မကြည်ဖြူ၍
ခွာယူလိုက ခွာ၍ရ။

ရိုးဂုဏ် ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည်
လူ့ဘုံလောက၊ နှစ်သာရသည့်
သူက ငြူစူ၊ မကြည်ဖြူလည်း
ခွာယူမရ ကွာမကျ။ ။

ရှေ့ဆောင်လူငယ် အတွဲ ၁၊ အမှတ် ၅၊ ဒီဇင်ဘာ ၁၉၆၄။



ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းလည်း အသိ၊ ငါလည်းသိပြီ
ဝိရူရမတ်၊ တရားတတ်၏
သည်းပွတ်ဆိုလား၊ နှလုံးသားကား
တရားသိမြင်၊ ပညာပင်ဟု
ဓာတ်တွင်ထင်လင်း၊ ဆိုလိုရင်းကို
မင်းလည်းအသိ၊ ငါလည်းသိသည်
နေသိ လသိ အားလုံးသိ။

အန်ရှဲလက်လှ၊ ကောရဗျတွင်
ဝိရူရမတ်၊ ရှိသတတ်
ထိုမတ် မင်းခ၊ ဝိရူရသည်
ဘောဂဝတီ၊ နဂါးပြည်သို့
ကြွချီရောက်လာ၊ သောအခါဝယ်

နံ့သာလိမ်းကျံ၊ ပန်းမန်ဆင်မြန်း
ခမ်းနားတင့်တယ်၊ ထက်ဝယ်ဖွဲ့ခွေ
နေတော်မူ၍
သိမ်မွေ့ညံ့နု၊ သူ့ပညာကို
သံချိုအေးမြ၊ ဟောဖော်ပြသော်
နာဂ မဟောသိ၊ နာဂိမဖုန်း
တစ်နန်းလုံးပင်၊ ပြုံးကြ ရွှင်ကြ
ဝိရူရသည်
နာဂပြည်လှ ရောက်ခါမှ။

နဂါးပြည်ရောက်၊ လူပါမောက်သည်
လျောက်ပတ်တင့်တယ်၊ ထက်ဝယ်ဖွဲ့ခွေ
မနေရခင်၊ ယခင်ခါက
နာဂ မဟောသိ၊ ရွှင်ကြည်မဆုံး
မပြုံးရခင်၊ ယခင်ခါက
ဖြစ်ကြသည်မှာ၊ ပြည်ဘောဂါဝယ်
ဝိမလာမ၊ ဝိရူရကို
လောကလူတွင်၊ မတ်ဉာဏ်ရှင်ဟု
ကြားလျှင် ကြားချင်း၊ ထိုသတင်းကြောင့်
မတ်မင်းပညာ၊ နာချင်ရှာ၏
နာချင်အာသာ၊ နာချင်ပါလည်း
နာလိုလှကြောင်း၊ သူ မတောင်းခဲ့
လဲလျောင်းဆောင်ဇွဲ၊ တခွေခွေသည်

ရေစာမယူ မူခဲ့၏။

ထိုရောအခါ၊ မယ့်ရောဂါကို
ရာဇာ နာဂ၊ မေးကာလဝယ်
မမ မဟောသိ၊ မယ်နာဂိသည်
မပိကလာ၊ ပိကလာနှင့်
မယ့်မှာမချိ၊ ဒုက္ခဖိပြီ
ဝိရူရမတ်၊ နှလုံးမြတ်ကို
တပ်ခဲ့ချင်ခြင်း၊ မယ့်ရင်တွင်းဟု
မင်းကြီးကိုဆွ၊ ငိုချင်းချသည်
နာဂ မျက်ရည် ရွှဲခဲ့၏။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းလည်းအသိ၊ ငါလည်းသိ၏
နန်းကြီးရွှေကြာ၊ ဝိမလာသည်
စိတ်မှာမြင်ကွင်း၊ အမတ်မင်းကို
ခံတွင်း နှုတ်ဖျား၊ နှလုံးသားဟု
နဂါးငိုယို၊ ဝိုးဝါးဆို၏
ဆိုလိုချင်ရင်း၊ ဆိုမရှင်းကို
မင်းသိ ငါသိ အားလုံးသိ။

နန်းကြီးရွှေကြာ၊ ဝိမလာသည်
ခန္ဓာကြွေမျှ၊ ငိုချင်းချသော်
နာဂစောထိ၊ နဂါးကြီးသည်၊ ပူမိးဗျာပွား

မိဖုရား

မစားရေစာ၊ မနေပါနှင့်
ရွှေကြောလိုဘ၊ ရွှေကြာရစိမ့်
ယုယပိုက်ဖြား၊ မှာစကားနှင့်
စဉ်းစားခန်းဝင်၊ ရွှေနန်းရှင်သည်
မရွှင်မပျ လက်မှိုင်ချ။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းလည်းအသိ၊ ငါလည်းသိ၏
ဝိမလာမ၊ စကားလှတွင်
နာဂ ရာဇာ၊ ဉာဏ်အရာကို
မပါကိုယ်ရေး၊ ခေါင်းအေးအေးနှင့်
မတွေးမတော၊ မစစ်ကြောခဲ့
သူပြောစကား၊ နှလုံးသားဟု
မယားကိုကြည့်၊ ဝိုးဝါးသိ၏
သိပြီချက်ချင်း၊ သိမရှင်းကို
မင်းသိ ငါသိ အားလုံးသိ။

ဣရန္ဒတီ၊ နာဂိနတ္တား
နဂါးမင်းကြီး၊ ချစ်သမီးတည့်
ခမည်း ဗျာများ၊ ဖ စကားကို
ကြားသော် ခဏ၊ ဆောင်သို့ကြွ၍
မမ မယ်မယ်၊ ဘယ့်နှယ်ဘုရား

မယ်ဘွားတပ်ငြိ၊ သမီးဖြည့်အံ့
မယ်ဣ သစ်လွင်၊ ပန်းဝတ်ဆင်၍
ရေယဉ်ကို ခွဲ၊ ရေထဲကထွက်
တောင်ပေါ်တက်သည်
ကြင်ဘက်မျှော်တ ဓာနေယျ။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းလည်းအသိ၊ ငါလည်း သိ၏
ဣရန္ဒတီ၊ မယ်နာဂီလည်း
မကြည်မသာ၊ ဉာဏ်အရာကို
မပါကိုယ်ရေး၊ ခေါင်းအေးအေးနှင့်
မတွေးမတော၊ မစစ်ကြောခဲ့
သူပြောစကား၊ နှလုံးသားဟု
မယ့်ဘွားကို ကြည့်၊ ဝိဝါးသိ၏
သိပြီချက်ချင်း၊ သိ မရှင်းကို
မင်းသိ ငါသိ အားလုံးသိ။

ဣရန်နဂါး၊ ပျို့နုထွားက
ဓာဘွားနည်ဘွား၊ မင်းယောက်ျားကို
လင်သားပြုလို၊ တေးဖွဲ့ဆိုသော်
ဖိုသည်းလှိုက်မျှ၊ ပုဏ္ဏကတည့်
အာဂ ဘီလူး၊ အချစ်ဦးကြောင့်
မူးတူးမင်တင်၊ အချစ်ခွင်သို့

ပစ်ဝင် ခြေစုံ၊ သက်လုံးပုံ၍
ဝသုန်ဤမြေ၊ ကုန်စေပျက်ပြုန်း
ငါ့ဘုန်း ငါ့အား၊ နှလုံးသားကို
ရည်းစားလက်ဆောင်၊ ချစ်လက်ဆောင်ဟု
မင့်မောင် ပုဏ္ဏက၊ ယူလာပြမည်
ချစ်ခ ကြိုက်ကြေး ကတိပေး။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းလည်း အသိ၊ ငါလည်းသိ၏
မယ်ဣချစ်ဦး၊ ထိုဘီလူးလည်း
ချစ်ရူး ပူဆာ၊ ဉာဏ်အရာကို
မပါကိုယ်ရေး၊ ခေါင်းအေးအေးနှင့်
မတွေးမတော၊ မစစ်ကြောခဲ့
သူပြောစကား၊ နှလုံးသားဟု
ရည်းစားကို ကြည့်၊ ဝိုးဝါးသိ၏
သိပြီချက်ချင်း၊ သိ မရှင်းကို
မင်းသိ ငါသိ အားလုံးသိ။

ဘီလူးလုလင်၊ ဣ သခင်သည်
နှင်ခဲ့ အပြင်း၊ သိန္ဓောမြင်းနှင့်
မြို့တွင်းရွှေနန်း၊ အန် ရွှဲခန်းတွင်
လောင်းတမ်းကိုပြော၊ မြင်းသိန္ဓောတည့်
မနောမယ၊ အနဂ္ဃတည့်

ကောရဇျမှု
သူနှင့် မိဖုရား၊ နန်းကိုထား၍
တစ်ပါးဥစ္စာ၊ လိုရာရာတည့်
မကြာချက်ချင်း၊ အန်ပွဲကျင်းသော်
လူမင်း အန်ရှုံး၊ ဘီလူးပြုံး၍
ဝုန်းခနဲထ၊ ဝိဓူရကို
သူကရွေး၍ ယူလိုက်၏။

ဝိဓူရမတ်၊ နှလုံးမြတ်ကို
ဆတ်ဆတ် ကေန်၊ ဆွတ်မည်ကြံ၍
မာန် တကြွကြွ၊ ပုဏ္ဏကသည်
ထလော့ မတ်ကြီး၊ ငါ့မြင်းမြီးဝယ်
သန်သီး နားဆွဲ၊ လက်တွယ်မြဲဟု
သရဲသဘက်၊ သံအက်အက်နှင့်
အထက်ကောင်းကင်၊ မြင်းကိုနှင်၏
သင်တုန်းမုန်တိုင်း၊ မြင်းဒုန်းစိုင်း၏
ဆင်ရိုင်း မုန်ထ၊ ခြောက်၍ပြ၏
မိုးဝ ကောင်းကင်၊ ပစ်၍တင်၏
ခြသေ့်ဂူအောင်း၊ အုပ်မည်ချောင်း၏
ဦးခေါင်းတွဲလဲ၊ ငိုက်စိုက်ဆွဲ၏
ဆင်းရဲစုံစွ၊ မတ်မင်းလှမှာ
ခံရပလေ၊ ဖွတ်ဖွတ်ကြေသည်

မသေတစ်မည် ကျန်တော့၏။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းလည်း ဝမ်းပါး၊ ငါလည်း ပါး၏
နဂါး မိဖုရား၊ ဆို ဝိုးဝါးကြောင့် ...
နဂါး မင်းအို၊ မယားငိုလျှင်
လိုလိုက်ချင်အား၊ သိ ဝိုးဝါးကြောင့် ...
နဂါး မင်းသမီး၊ မွှေးမေညည်းသော်
ရင်တီးဗျာများ၊ သိ ဝိုးဝါးကြောင့် ...
ချစ်ကြွားကြွကြွ၊ ပုဏ္ဏကသည်
ပြလို ပြစား၊ သိ ဝိုးဝါးကြောင့် ...
ဘုရား ဘုရား
ဘုရား တမိ၊ တို့ မချိခဲ့
သိပြီ စင်စစ်၊ ဖြစ်ရလေခြင်း
မတ်မင်းဒုက္ခ၊ ကြီးလိုက်ရသည်
နာဂပြည်သို့ မရောက်ခင်တည်း။ ။

ငွေတာရီ အမှတ် ၅၄၊ ဒီဇင်ဘာ ၁၉၆၄။



# ပစ္စည်း အလှ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်
ဘယ်ပစ္စည်းကို ကြိုက်သနည်း။

မလိမ့်တပတ်၊ ခေါင်းပုံဖြတ်၍
အနပ်အပါး၊ မြတ်ကြီးစား၍
သနားကင်းမဲ့၊ ကိုယ်ကျိုးငဲ့၍
ရခဲ့ မသမာ၊ ထိုဥစ္စာ၌
မခွာ မခွဲ အရိပ်မည်း။

ကိုယ့်ဒူး ကိုယ်ချွန်၊ ကိုယ့်အားသွန်၍
ဖြောင့်မှန်တရား၊ လက်ကိုင်ထား၍
သနားမေတ္တာ၊ အလေးသာ၍
ရှာရသမျှ၊ ထိုငွေစ၌
ဖိုးလ မုလေး စမ်းရေအေး။ ။

ရှေ့ဆောင်လူငယ်၊ အတွဲ ၁၊ အမှတ် ၆၊ ဇန်နဝါရီ ၁၉၆၅။

# ရပ်ရွာ အလှ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်
ဘယ်ရပ်ရွာကို ကြိုက်သနည်း။

သူ့ဝင်း သူ့အိမ်၊ သူ့ဂုဏ်ရှိန်နှင့်
ငါ့အိမ် ငါ့ဝင်း၊ ငါဂုဏ်တင်း၏
ဝင်းအိမ် ဘယ်ညာ၊ နီးကြပါလည်း
မလာမသွား၊ မာန်စည်းတား၍
မကြားမမြင်၊ မခေါ်ချင်သည်
မခင် သော့ခတ် ထိုအရပ်။

သူ့အိမ် ငါ့ဝင်း၊ အချင်းချင်းတည့်
သူ့ဝင်း ငါ့အိမ်၊ အကြိမ်ကြိမ်တည့်
သူ့အိမ်ကိစ္စ၊ ငါ့အိမ်ကတည့်
ငါ့ဝင်းကိစ္စ၊ သူ့ဝင်းကတည့်

ထိုမှ ရှာမှု၊ အရပ်မှုကို
ပေါင်းစုတိုင်ပင်၊ လုပ်ငန်းတွင်သည်
ခင်မင်လွတ်လပ် ထိုအရပ်။ ။

ရှေ့ဆောင်လူငယ်၊ အတွဲ ၁၊ အမှတ် ၇၊ ဖေဖော်ဝါရီ ၁၉၆၅။


# စကား အလှ

ငှါညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်
ဘယ်စကားကို ကြိုက်သနည်း။

အယဉ် တစ်ကန့်၊ နု တစ်ကန့်တည့်
အခန့် တစ်ထပ်၊ သန့်တစ်ထပ်တည့်
သမာသ် ပုဒ်သစ်၊ သိပ်သည်းကျစ်၏
မာန်ယစ်ကြွားဝါ၊ အတ္တပါမှု
တမာလိုခါး ထိုစကား။

အဆန်းမဖက်၊ ရိုးသက်သက်တည့်
အခက်မပါ၊ အလွယ်သာတည့်
ရပ်ရွာလူမျိုး၊ ပြောဆိုရိုးတည့်
အကျိုးရှိရာ၊ အမှန်ပါမှု
သကာချိုပျား ထိုစကား။ ။

ရွှေဆောင်လူငယ်၊ အတွဲ ၁၊ အမှတ် ၉၊ မေ ၁၉၆၅။


တရား
ဇော်ဂျီ

## သခင်အောင်ဆန်း တရား

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ မင့်သက်လှယ်ကို
အဘယ်တရား ဟောမည်နည်း။

ဆန်း၏ သတ္တိ
ဆန်း၏ သမာဓိ၊ ဆန်း၏ပညာ
ဟောစရာကား၊ အလွန်များ၏
မင့်သားအရွယ်၊ သက်နှစ်ဆယ်တွင်
လူငယ်အောင်ဆန်း၊ သူ့အစွမ်းကို
ပန်းကောင်းတစ်ပွင့်၊ ပန်ဆင်တင့်သို့
မင့်သား သိစေချင်လှ၏။

သူ့အစွမ်းကား၊ အခြားမဟုတ်
အအုပ်ချုပ်ခံ၊ မျိုးခြားဒဏ်မှ

မြန်မာလွတ်လမ်း၊ ခရီးကြမ်းဝယ်
ဗန်းပြအလှ၊ ပကာသနကို
ပြာကျလောင်မြိုက်၊ သူမီးတိုက်၏
ခေတ်လိုက်ခါညီ၊ ခေတ်မီပညာ
ကြံ့ရာဘဝ၊ မုတလုံလောက်၊ ခံမြို့ဆောက်၏
ထိုနောက်တစ်ဆင့်၊ မိုးထိလွင့်အောင်
ရိုးကျင့် မြင့်ကြံ၊ သူ့အလံတည့်
ပျံတလူလူ၊ သူ ထူခဲ့ကြောင်း
ခေါင်းဆောင်သဘော
မင့်သားချောကို
ပြောလိုက်ပါဘိ ဟောပါဘိ။ ။

လမ်းစဉ်သတင်း၊ အတွဲ ၂၊ အမှတ် ၁၄ (၁၅၊ ၇၊ ၁၉၆၆)

# စာပေ အလှ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏ သားငယ်၊ သက်နှစ်ဆယ်သည်
ဘယ်စာပေကို ကြိုက်သနည်း။

ကိုယ်ရည်သွေးလို၊ ပလွှားလို၍
သူ့ကိုမုန်းတီး၊ အမျက်ကြီး၍
ပုတီးဖြုတ်စင်၊ ပြစားချင်၍
ယဉ်ပေ့စိတ်ကူး၊ စာသံကျူးလည်း
စိတ်ကူးယဉ်မှု သာမည။

လောကကောင်းဆိုး၊ ကံသုံးမျိုး၏
ကျိုးပြစ်ချိန်လျှာ၊ အမြင်ပါ၍
မေတ္တာမမွေ၊ အမြင်ပြ၍
ဘဝခြေခံ၊ စိတ်ကူးဉာဏ်ဖြင့်
ဖန်တီးပါမှ စာအလှ။ ။

# အိမ် အလှ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်
ဘယ်အိမ်မျိုးကို ကြိုက်သနည်း။

အိမ်ရှေ့ပန်းခင်း၊ ဓာပြတင်းနှင့်
အိမ်တွင်းကော်ဇော၊ ဆိုဖာချောနှင့်
အံ့ဩ ရင်မ၊ ဗန်းပြ လှလည်း
စိတ်က မောဟ၊ လက်က လောဘ
နှုတ်က မာန၊ ထားတတ်ကြမူ
အတွက် ကိုယ်ကျိုး ထိုအိမ်မျိုး။

အိမ်နောက်စိုက်ခင်း၊ စားမျိုးဟင်းနှင့်
အိမ်တွင်းသန့်စင်၊ လေ နေ ဝင်နှင့်

အားအင်မျှတ၊ ဗန်းမလှလည်း
စိတ်ကမေတ္တာ၊ လက်မှာ စာဂ
နှုတ်က ဖြောင့်ရိုး၊ အနေရိုးမှု
သူ့ကျိုး ကိုယ့်ကျိုး ထိုအိမ်မျိုး။ ။

(၁၉၆၅)



ZM

# ပြည်ချစ်အလှ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ သမီးငယ်သည်
ဘယ်တာဝန်ကို ယူမည်နည်း။

သူတို့ ဖွားစ၊ သခင်ဘဝတည့်
ရခဲ့အောင်ဆု၊ ပြည်ထောင်စုတည့်
သူ့အလံနှင့် သီချင်းနှင့်။

ကျားဆိုးမဝင်၊ စည်းရိုးပြင်လော့
ဆင်ခြင်သတိ၊ အစောင့်ရှိလော့
ကျား၏ပရိယာယ်၊ အလွန်ကြွယ်သည်
အဆွယ်ကောင်းနှင့် အခြောက်နှင့်။

ကျားဆိုးမလာ၊ တားဆီးရာဝယ်
ပညာလုပ်အား၊ မှန်တရားသည်

ပြည့်အားစစ်စစ်၊ ပြည့်အနှစ်ဟု
ပြည်ချစ်စိတ်နှင့် အမြင်နှင့်။ ။

ငွေတာရီ၊ အမှတ် ၈၉၊ နိုဝင်ဘာ ၁၉၆၇။

## လွတ်လပ်ရေး အောင်ပွဲနေ့


ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ မင့်မျက်ခြယ်သည်
လေးဆယ်ရှစ်ခု၊ ပြည်ထောင်စုတွင်
ဖွားသန့်စင်၍
သခင်ဘဝ၊ ချက်ချင်းရသည်
ဖွားစဆင်သင့် လွယ်လွယ်နှင့်။

မင်းနှင့် ငါကား၊ လိုလားခံမင်
သခင်ဘဝ၊ ကြီးမှရ၏
မရသေးမီ၊ ရကြောင်းရည်လျက်
ဓာနည်သွေးချွေး၊ ပေး၍ယူကြ
မြင်ခဲ့ရ၏
ဒုက္ခနှင့်ဝယ်၊ ရမလွယ်ကို
တကယ် တို့သိ ခံစားသိ။

ထို့ကြောင့်သားငယ်၊ မင့်မျက်ခြယ်သည်
မလွယ်ခဲ့ပုံ၊ သာနာစုံကို
အာရုံမျက်မြင်၊ စွဲစေချင်သည်
မင့်တွင်သတိ ရှိပါဘိ။

နှစ်စဉ် ဤနေ့၊ အောင်ပွဲနေ့ဝယ်
နှင်းငွေ့လေပင့်၊ အောင်လံလွှင့်သော်
မင့်တွင်အသိ ဖြန့်ပါဘိ။ ။

လမ်းစဉ်သတင်း၊ အတွဲ ၄၊ အမှတ် ၁ (၁၊ ၁၊ ၁၉၆၈)



# တို့ပြည်ထောင်စု

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းနှင့် ကချင်နှင့်၊ ချင်းနှင့် ကယားနှင့်
ရှမ်းနှင့် ရခိုင်နှင့်၊ မွန်နှင့် ကရင်နှင့်
သင့်သင့်မြတ်မြတ်၊ အနေတတ်လျှင်
နတ်ပြည်နှိုင်းတု၊ ပြည်ထောင်စုဟု
သူ့စေတနာထား၊ သူ့စကားကို
မိန့်ကြားလိုက်သော ထိုအခါ။

မောရှမ်းထိုထို၊ ရှေ့တစ်ခိုမှ
တောင်ပြိုနောက်မှာ၊ နယ်စပ်ရာတည့်
ခါကာဘိုရာဇီ၊ မြောက်ဖျားဆီမှ
အောက်ပြည်ကော့သောင်
သို့တိုင်အောင်တည့်
တောတောင်ကြဲ့ခံ၊ ကမ်းယံဆီးတား

တိုင်းခြားရန်စွယ်၊ အန္တရာယ်မှ
ကာကွယ်မည်တို့ ကြိုး၏သို့။

ဆိ ပဲ ထန်းလျက်၊ လက်ဖက် မက်မန်း
ဝါ ကျွန်း ရေနံ၊ ဆန် ဆား ငါးပိ
သီးမှည့်စုံစွာ၊ လိုရာရာတို့
အညာအကြေ၊ မြေပြန့်တောင်တန်း
ကူးသန်းရောယှက်၊ စီးပွားဆက်အောင်
တက် သက်မည်တို့ ကြိုး၏သို့။ ။

လမ်းစဉ်သတင်း၊ အတွဲ ၄၊ အမှတ် ၃ (၁၊ ၂၊ ၁၉၆၈)

# တပ်မတော်နေ့ ဆုတောင်း

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
သင်တို့စိတ်ပြောင်း၊ တို့လည်းပြောင်း၏
မကောင်းအစ နှောင်းမလှ။
အကြောင်းပြကြ တပေါင်းလ။
ကဆောင်းကထ ခါးတောင်းမ။

ထိုသတင်းကြောင့်
မြို့တွင်း တပ်စွဲ၊ နိပွန်ရဲတို့
မြို့ထဲ သူ့တပ်၊ မြို့ကိုပတ်၏
လှုံ့စွပ်နေရောင်၊ တပြောင်ပြောင်နှင့်
အာပေါင် အာရင်း၊ အာသံပြင်းနှင့်
နင်းမှ နှိမ်မှ၊ စစ်မာန်ပြ၏
အာရှလူငယ်၊ လူမမည်တို့
အံ့ဖွယ် နေနီ၊ တို့စစ်သည်ကို

ရုံးရည်ဖက်ပြိုင်၊ ဘယ်ခံနိုင်အံ့
လှန့်လည်း လှန့်၏
မခန့်စတောင်း၊ အဟန့်ကောင်းတို့
ကဖောင်းရှာဆိ၊ တိုက်မည်ချိသော်
မြို့ပေါ်ကျန်ရှိ၊ မိရင်းဘရင်း
သားချင်းတဝ၊ ကြင်နာစတို့
ညှိုးလျှမျက်နှာ၊ မသာယာကို
ငါလည်းမြင်မိ မခံချိ။

တစ်ရက် နှစ်ရက်၊ သုံးလေးရက်တည့်
ငါးရက်က ကျွံ၊ ခြောက်ရက်လွန်တည့်
နိပွန်တပ်ခေါက်၊ ပြန်မရောက်ခဲ့
နောက်ထပ်တစ်ဖန်၊ ဆယ်ရက်လွန်လည်း
နိပွန်ခြေရာ၊ တက်မလာခဲ့
"ကြားပါလေစ၊ အိုမမတို့
'မိုးကျလက်နက်'*၊ လူငယ့်လက်တွင်
စကြာနေနီ၊ ကဖောင်းဆိဝယ်
ချိသမျှမြုပ်၊ တပ်မရပ်ဘဲ
အပြုတ်ခံကြ၊ ဇာနေယျ"ဟု
ချီးပစကား၊ ကြားလိုက်ရသော်
မြို့တော်တိုကျို၊ မြို့ထိုထိုက

*မဟာမိတ် စစ်တပ်မှ လေယာဉ်ပျံဖြင့် ချပေးသော စတင်းဂန်း
သေနတ်ကို ဆိုလိုသည်။

အိုအို မင်းမင်း၊ မိရင်း ဘရင်း
သားချင်းကစ၊ အိမ့်ရှင်မတို့
ညှိုးလျှမျက်နှာ၊ မသာယာကို
ငါ့မှာတွေးကြည့် ကြေကွဲမိ။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
သင်းတို့စိတ်ဝယ်၊ နယ်ချဲ့စိုးမိုး
မုဆိုးစင်စစ်၊ မဖြစ်စေချင်
ငါတို့တွင်လည်း
ဘဝင်မကျ၊ ဘဝမပြောင်
သားကောင်စင်စစ်၊ မဖြစ်စေလို
ကွင်းရလို၍
ကြာညိုငါးခိုင်၊ အမွှေးတိုင်နှင့်
ညွတ်ယိုင်ဆုချွေ၊ အမျှဝေသည်
မွေတော် တိဂုံရိပ်မှာတည်း။ ။

လမ်းစဉ်သတင်း၊ အတွဲ၄၊ အမှတ် ၇ (၁၊ ၄၊ ၁၉၆၈)

[illegible]

[illegible]

---

[illegible]

# အာဇာနည်နေ့ ဆန္ဒ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏ သားနှင့်၊ ပြောချိန်သင့်ပြီ
လွတ်ခွင့်ရနီး၊ လွတ်စည် တီးမှ
ဖျက်ဆီးကြံရွယ်၊ အန္တရာယ်သည်
မဖွယ် မရာ၊ တို့ပြည်ရွာ၌
ပေါ်လာမကောင်း ပေါ်ခဲ့ကြောင်း။

ဖျက်ဆီးကြံရွယ်၊ အန္တရာယ်တည့်
နယ်ချဲ့ သွေးထိုး၊ ဒေါသအိုးသည်
တိုင်းကျိုး လိုလို၊ ဘာလိုလိုနှင့်
ကိုယ်ကျိုး ထဲပိုက်၊ မှောင်ခိုတိုက်သည်
မိုက်ခဲ့မကောင်း မိုက်ခဲ့ကြောင်း။

အမိုက်ကမ်းခတ်၊ သူ့အတတ်ကြောင့်

လွတ်မှုကြိုးပမ်း၊ ခုလတ်လမ်းတွင်
ဆန်းတို့တစ်စု၊ တိုင်းပြည်ပြုတို့
မရှုမလှ၊ ကြွေလိုက်ရသည်
ကျခဲ့မကောင်း ကျခဲ့ကြောင်း။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းက ပြန်ပြောင်း၊ မင့် သားကောင်းကို
အကြောင်းစုံသိ၊ မင့်ဝန်ရှိ၏
ရှိပါကတဲ့၊ သူ့စိတ်ထဲ၌
တိတ်စွဲသောက၊ စွဲဒေါသတို့
မကြွစေချင်၊ ပြေစေချင်၏
ပညာအသိ၊ သတိဖြစ်ရေး
အတွေးမှန်ကန်၊ နိုင်ငံလူထု
ကိုသာရှု၍
ပြုစေချင်၏ ပြုပါဘိ။ ။

လမ်းစဉ်သတင်း၊ အတွဲ ၄၊ အမှတ် ၁၄ (၁၅၊ ၇၊ ၁၉၆၈)

# မင့်အိမ်


ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းက မင့်အိမ်၊ လွန်သေးသိမ်ဟု
မငြိမ်မသက်၊ စိတ်စက်မကောင်း
စိတ်ထောင်း ကိုယ်ကြေ၊ တခွေခွေသည်
နေထိကြွေမည့် ပန်းယဉ်အိ။

လှိုင်းအိအယောင်
ဆောင်ပြိုင် သာမော၊ သူ့အိမ်ချောသို့
စကြောသပ်ရပ်၊ စံပယ်ထပ်နှင့်
ပန်းကပ် ပန်းကြွ၊ သူ့အိမ်လှသို့
ဝေးက မျှော်မှန်း၊ မင်း ရော်ရမ်းသည်
ပန်းအိ နေထိ ကြွေတော့မည့်။

မကောင်း မင့်အိမ်၊ ကောင်း မင့်အိမ်တည့်
မင့်အိမ် ရွှဲစို၊ အမိုးယိုသော်

မငြိုးသင့်ပါ၊ မင်း တက်ဖှာပေါ့
အကာ အခင်း၊ ပျက်ပြိုယွင်းသော်
မငြင်းစေချင်၊ မင်းဆက်ပြင်ပေါ့
အခွင် အနဲ့၊ အရွဲ့အစောင်း
မကောင်း မပြေ၊ ဟောင်းထွေထွေကို
အခြေနှင့်မျှ၊ ဉာဏ်ဖြင့်ဆ၍
လုံ့လသက်သွင်း သစ်စေမင်း။ ။

လမ်းစဉ်သတင်း၊ အတွဲ ၄၊ အမှတ် ၂၀ (၁၅၊ ၇၊ ၁၉၆၈)



# လွှတ်လပ်ရေးနေ့ တရား

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ မင့်မျက်ခြယ်အား
ဘယ်ကစချို၊ မင်းဟောမည်နည်း
တို့ပြည်လွှတ်လပ်၊ ဘဝမြွတ်၏
ထိမ်းမှတ်သဘင်၊ အောင်လံတင်၍
နှစ်စဉ်ကျင်းပ သောကာလ။

လွှတ်လပ်သောနေ့၊ လွှတ်တော်ရှေ့တွင်
နှင်းငွေ့သိုင်းခြုံ၊ မင်းပေါင်းစုံနှင့်
အရဏ် ရောင်နီ၊ အောင်မောင်းစည်နှင့်
အောင်ပြီသတင်း၊ ခရုသင်းနှင့်
ခွင်းခဲ့အမှောင်၊ အလင်းရောင်နှင့်
ပြည်ထောင်စု မာန်၊ တို့အလံသည်
တက်ပျံတိုင်ဖျား၊ နေရှေ့သွားဟု

မင့်သား သည်းချာ၊ သူ ဝမ်းသာအောင်
လွမ်းစရာနှင့် ချီထိုက်သင့်။

လွတ်လပ်ပြီဟော့၊ ထိုတစ်နေ့တည့်
ထိုနေ့ရောက်အောင်၊ ဆောင်ရသည်ကား
နှစ်များစွာပ၊ ကြာခဲ့ရ၏
မဝ မလှ၊ ပင်ပန်းကြလည်း
မျိုးသာ့မာန၊ မြဲခဲ့ကြ၍
ဉာဏ စာရိတ္တ၊ တွဲခဲ့ကြ၍
လုံ့လ သူရ၊ ရဲခဲ့ကြ၍
ထကြွ သင်းဖွဲ့၊ စုစည်းခဲ့၍
နယ်ချဲ့ဖြုံရေး၊ ခါးဖွေးဖွေးတွင်
သွေးချွေးမျက်ရည်၊ ပေးရသည်ဟု
ငါ့ညီသည်းချာ၊ သူတွေးသာအောင်
ယထာဘူတ နီဂုံးချ။ ။

လမ်းစဉ်သတင်း၊ အတွဲ ၅၊ အမှတ် ၁ (၁၊ ၁၊ ၁၉၆၉)

## ပြည်ထောင်စုနေ့ အတွေး


ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းလည်းအသိ၊ ငါလည်းသိ၏
အမိမျက်ရှု၊ ပြည်ထောင်စု၌
ယခုတိုင်ပင်၊ ရှေး ယခင်သို့
ဤတွင် ရော၊ ထိုမှာ ချင်းတွင်း
ရေလမ်းခင်း၍
ဆင်းကြ စုန်ကြ၊ ဒဂုံဝတည့်
ဘဝသချော်၊ အတူနေဟု
ညာကြေရေသွန်း ထပ်သည်သို့။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းလည်းအသိ၊ ငါလည်းသိ၏
အမိ မျက်ရှု၊ ပြည်ထောင်စု၌
ယခုတိုင်ပင်၊ ရှေး ယခင်သို့

မြောက်ခွင် နှင်းဝေ၊ ရှမ်းကုန်းမြေမှ
စစ်တွေ နောက်တောင်၊ ကော့သောင် ငူစွန်း
ရံဝန်း ညိုမြ၊ ကျွန်းစုံစွာတည့်
ဘဝသချော်၊ အတူနေဟု
ရေမြေလက်ဖွဲ့ အပ်သည်သို့။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းလည်း အသိ၊ ငါလည်း သိ၏
အမိမျက်ရှု၊ ပြည်ထောင်စုဒွိ
ယခုတိုင်ပင်၊ ရှေး ယခင်သို့
ဖြူစင် စိတ်ကောင်း၊ ခေါင်းပုံမဖြတ်
မြတ်ကြီး မစား၊ တိုင်းရင်းသားတို့
များလှ မြေပြန့်၊ တောင်အနှံ့တည့်
ဖွံ့ဖွံ့ဖြိုးဖြိုး၊ ဆိုးတူကောင်းဖက်
လက်တွဲကြင်ချစ်၊ လုံ့လသစ်သော်
ခေတ်သစ် စိတ်သစ်၊ ပြည်ထောင်သစ်သည်
ဖြစ်မည်နိမိတ် ဖတ်သည်သို့။ ။

(၁၉၆၉)



# သူ့အပြုံး

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းကို သူမဲ၊ လူပုံထဲ၌
ဆိုဆဲ ရိုင်းပြ၊ သူ ရန်စလည်း
မင်းက မဖြို၊ မင်း မမူန်ခဲ့
မတုန်မလှုပ်၊ မင်း ပြုံးရပ်သည်
ဟုတ်လှပေစွ ဟုတ်ပေစွ။

အခါတစ်ပါး၊ မြတ်ဘုရားကို
ပုဏ္ဏားဒွါဇ၊ အမျက်ရှ၍
ဆေ နင်ပဲ၊ မျိုးစုံဆဲ၏
ဆိုဆဲအားရ၊ ထိုခဏ၌
ဗုဒ္ဓဘုရား၊ ထိုပုဏ္ဏားနှင့်
စကားချိုချ ဆိုခဲ့ကြ။

'ဘာရဒွါဇ၊ ဗြဟ္မဏ
အိမ်ဝရောက်လာ၊ သင့်ဆွေညာအား

ရသာ ချိုအေး၊ ခဲဘွယ်ပေး၍
မကျွေးသလော ကျွေးသလော'

'ငါ့ဆွေ ငါ့မျိုး၊ ငါမြတ်နိုး၍
မုန့်မျိုးစုံစွာ၊ သုံးဆောင်ပါဟု
ငါကျွေးမွေး၏ ငါပေး၏'

'ဘာရဒွါဇ၊ ဗြဟ္မဏ
သူက ငြင်းဆန်၊ လက်မခံသော်
ကြံ့ ပျား ဆီဥ၊ ခဲဘွယ်စုသည်
မည်သူ့လက်မှာ ရှိသနည်း'

'သူ မယူဘိ၊ နေသည်ရှိသော်
ငါ၏လက်မှာ ရှိသည်သာ'

'ဘာရဒွါဇ၊ ဗြဟ္မဏ
ငါ့အား သင်ပေး၊ မယဉ်ကျေးသည့်
ဆဲရေးတိုင်းထွာ၊ ဆဲတစ်ရာကို
ငါလက်မခံ'
မိန့်လိုက်ဟန်သည်
သုတ္တန်ထင်ရှား အရှိသား။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း သိ မသိ၊ ငါ မသိခဲ့
ငါ သိသည်မှာ၊ သိရုံသာတည့်

မင့်မှာတစ်မူ၊ ယူ မတူတို့
ငြူစူမှိုင်းမှုန်၊ အဆဲစုံ၌
မတုန်မလှုပ်၊ မင့်ပြုံးရုပ်သည်
ဟုတ်လှပေစွ ဟုတ်ပေစွ။ ။

ငွေတာရီ၊ အမှတ် ၁၃၁၊ မေ ၁၉၇၁။

## မင့်သဘော

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း ဖတ်ခဲ့သည်၊ ကိန္နရီနတ်၊ စန္ဒဇာတ်၌
လွမ်းဆွတ်စရာ၊ အပုံပါဟု
မင့်မှာ ခံစား၊ မင့်စကားကို
ကြားစကပင် ကြိုက်ပါ၏။

မောင်မယ် ကိန္နရာ၊ သဲခင်းသာဝယ်
ဖြူ ပြာ ဝါ နီ၊ ပန်းခင်းညီ၌
သီကြ ကကြ၊ စောင်းတီးကြ၏
လောကမေ့ကျန်၊ သူတို့ဟန်သည်
ကေန်မုချ လွမ်းစရာပါ့။

ထို့နောက်တစ်ဖန်၊ မင့်ကျင့်တန်၏
မြားဒဏ်ရှူးဝင်၊ မကြာခင်၌

ငါ့ပျှင်သေရ၊ ထိုဒုက္ခထက်
စန္ဒကိန္နရီ၊ မြိုင်မဟီတွင်
ကျည်ကျည်မြည်တမ်း၊ ညှိုးနွမ်းဖော်မဲ့
မယ်အားနွဲ့၍၊ ကျန်ခဲ့ရှာမည်
ဆွေးမည်တကား၊ ငါ့သည်းဖျား၌
ဝမ်းပါးဒုက္ခ၊ ပိုကြီးရဟု
စန္ဒကိန္နရာ၊ ငိုကြွေးရှာသည်
သူ့မှာ သောက သနားစရာပါ့။

ထိုနောက်တစ်ဖန်၊ ကျင့်တန်မင်းက
မယ်စန္ဒအား၊ ရှင်မစန္ဒာ
ကျိန်ဆဲပါနှင့်၊ မယ်သာမိဖုရား
မဟားတရား၊ သူ့စကားကို
ပြတ်သားတိကျ၊ လှိုးဖြတ်ချသည်
အားရစရာပါ့ မယ့်ဝါဒ။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း ဖတ်ခဲ့သည်၊ ကိန္နရီလှ၊ ဇာတကကို
ဗုဒ္ဓနှုတ်ခြည်၊ မဟောမိဝယ်
ဖန်ရည်သင်္ကန်း၊ ရှင်ဆင်မြန်းသော်
ဖန်စွန်းဆင်သ၊ သူ့ချွေးမဟု
ရာ့တစ်ပါးမင်း၊ လက်ဆောင်နှင်းလည်း
ဆန်ငြင်းလုံးဝ၊ သူ့ချွေးမဟု

မွေးဘ သုဒ္ဓေါ၊ မြွက်ဟဖော်၍
ယသော် ညွှန့်ဖူး၊ ဂုဏ်ကျေးဇူးကို
ချီးကျူးခဲ့သည် မဟုတ်လော။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း ဖတ်ခဲ့သည်၊ ကိန္နရီနတ်၊ စန္ဒဇာတ်၌
လွမ်းဆွတ်စရာ၊ အပုံပါဟု
ဇာတ်လာ ရသ၊ မင်းထောက်ပြ၍
ငါ့အားမေးလျှင်၊ မြတ်ရှင်ပင်၌
နုစဥ်ဘဝ၊ မယ်စန္ဒနှင့်
အားရစရာ၊ လွမ်းစရာတို့
ပေါ်လာတန်ကောင်း၊ သို့အကြောင်းဟု
သောင်းပြောင်းထွေရာ၊ စောမိပါ၏
အာကာကွန့်မြူး၊ ထိုစိတ်ကူးနှင့်
ငါဖူးလိုက်သည် မသင့်လော။
မင်းဖူးလိုက မင်္ဂသဘော။ ။

ရှုမဝ၊ အမှတ် ၃၁၉၊ ဒီဇင်ဘာ ၁၉၇၃။



## ဇေတဝန်နှင့် ရောဟိနီ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းစဉ်းစားကြည့်၊ ဆင်ခြင်ကြည့်လော့
မုနိသကျ၊ မြတ်ဗုဒ္ဓသည်
သာစွ ဇေတဝန်၊ ဝေဠုဝန်၌
စံပျော်သီတင်း၊ နေနားရင်းလည်း
အကင်းကြုံကြိုက်၊ ရဟန်းသိုက်ဝယ်
ကျွတ်ထိုက်သူအား၊ ကျွတ်တရားကို
ဟောကြားမိန့်တော် မူတတ်၏။

နှစ်ပြည်အခြား၊ နှစ်ပြည်ကြားက
မြသား ရောဟိနီ၊ မြစ်ရေကြည်တည့်
ကိုယ့်ပြည် ကိုယ့်ယာ၊ ရေလိုပါ၍
ငါသာပိုင်၏၊ သူပိုင်၏ ဟု
ကပိလ္လဝတ်၊ ကောလိယတို့

တပ်ချ စစ်ဆင်၊ လုံခြားပြင်သော်
ရှင်ပင်ထွက်ထား၊ မြတ်ဘုရားသည်
များလှဝေနေ၊ အရေးပေဟု
ရေ မနောက်မီ၊ ရောဟိနီသို့
ကြွချီ၍လည်း၊ စစ်ခရီး၌
စစ်မီးဆီးတား၊ ငြိမ်းတရားကို
ဟောကြားမိန့်တော် မူသေး၏။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း စဥ်းစားကြည့် ဆင်ခြင်ကြည့်။ ။

ရှုမဝ၊ အမှတ် ၃၂၄၊ မေ ၁၉၇၄။

## ဇော်ဂျီ (၁၉၀၇ - ၁၉၉၀)

၁၉၀၇ - ဧပြီလ ၁၂ ရက်၊ သောကြာနေ့တွင် ဖျာပုံမြို့၌ အဖဦးယော၊ အမိ ဒေါ်စိန်ညွန့် တို့မှ ဖွားမြင်သည်။

သားချင်း ကိုးယောက်အနက် အကြီးဆုံး သားဦးဖြစ်သည်။ အမည်ရင်း ဦးသိန်းဟန် ဖြစ်သည်။

၁၉၁၂-၁၉- ရှေးဦးစွာ ဖျာပုံမြို့၊ ဘုန်းတော်ကြီး ကျောင်း၊ ထို့နောက် မြန်မာကျောင်း၊ ထို့နောက် ဖျာပုံမြို့ အင်္ဂလိပ်မြန်မာ အစိုးရအထက်တန်း ကျောင်းတို့တွင် သတ္တမတန်းအထိ ပညာ သင်ကြားခဲ့သည်။

၁၉၂၀ - ရန်ကုန်တက္ကသိုလ် ပထမသပိတ်ကြီးတွင် ဖျာပုံကျောင်းသူ ကျောင်းသားများနှင့် အတူ ဖျာပုံအမျိုးသားကျောင်းသို့ ပြောင်းရွှေ့ပညာ သင်ကြားခဲ့သည်။

၁၉၂၄ – ရန်ကုန်မြို့၊ အမျိုးသားအထက်တန်းကျောင်း (သရက်တောကျောင်းတိုက်)သို့ ပြောင်းရွှေ့ပညာသင်ခဲ့သည်။ ထို့နောက် အထောက်အပံ့ခံ မြို့မအမျိုးသား (တိုင်းရင်းသား) အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ခဲ့ပြီး ၁၁ ဆင့်တန်း အောင်မြင်ခဲ့သည်။

– သစ္စာဝါဒီ သတင်းစာတိုက်က ကြီးမှူးကျင်းပသော ကဗျာဘာသာပြန်ပြိုင်ပွဲတွင် စိတ္တသုခလင်္ကာဖြင့် သစ္စာဝါဒီဆု (ရွှေဒင်္ဂါးငါးပြား) ရရှိခဲ့သည်။ (စိတ္တသုခ လင်္ကာမှာ အင်္ဂလိပ်ကဗျာဆရာ Henry Wotton ၏ The Character of A Happy Life ကဗျာကို ဘာသာပြန်ဆိုခြင်းဖြစ်သည်)

၁၉၂၅–၂၆– ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ခဲ့သည်။

၁၉၂၈ – နောင်အခါ ပထမဦးဆုံးသော ခေတ်စမ်းကဗျာဖြစ်လာမည့် 'ပိတောက်ပန်း'ကဗျာကို ဖွဲ့ဆို၍ ရှေးဦးစွာ ဟံသာဝတီမဲ့ စာစောင်တွင် ဖော်ပြခဲ့သည်။ ထို့နောက် မတ်လထုတ် တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း၌ ထပ်မံဖော်ပြခဲ့သည်။

ဥပစာတန်းကို မြန်မာစာအမှတ်အများဆုံး

နှင့် အောင်မြင်၍ သာဒိုးအောင် ဆုရခဲ့သည်။

၁၉၂၉ - ဝိဇ္ဇာဘွဲ့ ရရှိသည်။ (မြန်မာစာပေ၊ အင်္ဂလိပ်စာပေ၊ အရှေ့တိုင်းနိုင်ငံများ သမိုင်း ဘာသာရပ်များဖြင့် အောင်မြင်ခဲ့သည်)

၁၉၃၀ - ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်၌ မြန်မာစာ နည်းပြဆရာအဖြစ် အမှုထမ်းသည်။

၁၉၃၁-၃၄- ရန်ကုန်၊ မြို့မအမျိုးသားအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၃၄ - ရန်ကုန်တက္ကသိုလ်၏ မဟာဝိဇ္ဇာသင်တန်းကို တက်ခဲ့သည်။ (အင်္ဂလိပ်စာပေနှင့် မြန်မာစာပေ နှစ်ဘာသာတွဲယူသည်)

၁၉၃၆ - မဟာဝိဇ္ဇာဘွဲ့ ရခဲ့သည်။

၁၉၃၆-၃၈- မန္တလေး ဥပစာကောလိပ်၌ မြန်မာစာ နည်းပြဆရာအဖြစ် အမှုထမ်းသည်။

၁၉၃၈ - စာကြည့်တိုက်ပညာ၊ ပညာတော်သင် အဖြစ် လန်ဒန်တက္ကသိုလ်နှင့် ဒဗ္ဗလင် တက္ကသိုလ်တို့၌ ပညာသင်ခဲ့သည်။

၁၉၄၀ - စာကြည့်တိုက်ပညာ ဒီပလိုမာ ရရှိခဲ့သည်။

၁၉၄၁ - ရန်ကုန်တက္ကသိုလ်ကျောင်းတိုက် စာကြည့်တိုက်မှူးအဖြစ် ဝာဝန်ထမ်းဆောင်ခဲ့သည်။ အောက်တိုဘာလတွင် ဦးဆန်း + ဒေါ်နှင်းဇင်တို့၏ သမီး၊ ရန်ကုန်မြို့မ အမျိုးသမီး

ကျောင်း၊ အထက်တန်းပြဆရာမ ဒေါ်စော ရင် ဘီ–အေ၊ ဘီ–အီး–ဒီနှင့် လက်ထပ်ခဲ့ သည်။

၁၉၄၂ – ဒုတိယကမ္ဘာစစ်အတွင်း မြန်မာအစိုးရ ပညာရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြား ရေးဝန် (စာပေနှင့် စာကြည့်တိုက်ဌာနခွဲ) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၆ – ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး တာဝန် ထမ်းဆောင်သည်။

၁၉၄၇–၄၈–တိုင်းပြည်ပြု လွှတ်တော်ရုံးနှင့် ရွေး ကောက်ပွဲ ကော်မရှင်ရုံးတို့တွင် အထူးအရာရှိ (အခြေခံ ဥပဒေ အချောကိုင်ကော်မတီ၊ မြန်မာနိုင်ငံ တော်အလံ၊ သီချင်းနှင့် တံဆိပ်ကော်မတီ အဖွဲ့ဝင်) အဖြစ် တာဝန်ပေးခြင်းခံရသည်။

၁၉၄၈ – ဝဏ္ဏကျော်ထင်ဘွဲ့ တံဆိပ်ရသည်။

၁၉၅၀ – ချစ်ကြည်ရေးအဖွဲ့ဝင်အဖြစ်ဖြင့် အင်ဒိုနီး ရှားနိုင်ငံသို့ သွားရောက်ခဲ့သည်။

၁၉၅၁–၅၂–ပညာရေး လေ့လာရေးအဖွဲ့ဝင်အဖြစ် အင်္ဂလန်၊ အမေရိကန်၊ မက္ကဆီကိုနှင့် ကနေ ဒါနိုင်ငံများသို့ သွားရောက်ခဲ့သည်။

၁၉၅၂–၅၇–ပညာရေးဌာန၊ ကျောင်းသုံးစာအုပ်ပြုစု ရေး (ထုတ်လုပ်ရေး) ညွှန်ကြားရေးဝန် အဖြစ် တာဝန်ယူခဲ့သည်။

၁၉၅၅ – 'သခင်ကိုယ်တော်မှိုင်းဋီကာ' စာအုပ် အတွက် စာပေဗိမာန်၏ စာပဒေသာဆု ရရှိခဲ့သည်။ ချစ်ကြည်ရေးအဖွဲ့ဝင်အဖြစ် ယိုးဒယားနိုင်ငံသို့ သွားရောက်ခဲ့သည်။

၁၉၅၉ – မြန်မာနိုင်ငံသမိုင်း ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးခြင်းခံရသည်။

၁၉၆၁(မေလ)– ဂုဏ်ထူးဆောင် မြန်မာစာပါမောက္ခ အဖြစ် ဆောင်ရွက်သည်။
သီရိပျံ့ချီဘွဲ့တံဆိပ်ရခဲ့သည်။
ချစ်ကြည်ရေးအဖွဲ့ဝင်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။

၁၉၆၅–၇၅–ပညာရပ်ဝေါဟာရ ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၆၇ – တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး အဖြစ်မှ အငြိမ်းစားယူသည်။ ပညာရေး အထူးအရာရှိ (၁)၊ မြန်မာနိုင်ငံ သုတေသနအသင်း ဥက္ကဋ္ဌ တာဝန်များထမ်းဆောင်သည်။

၁၉၇၆ – နိုင်ငံသမိုင်း သုတေသနဦးစီးဌာန အကြံပေး ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်သည်။ အိန္ဒိယသို့ ရာမစာတမ်းဖတ်ပွဲ တက်ရောက်ရန် ဦးခင်ဇော် (K)နှင့်အတူ သွားခဲ့သည်။

၁၉၇၉ – 'နင်လားဟဲ့ ချစ်ဒုက္ခနှင့် အခြားဝတ္ထုတို

များ’ ဘာသာပြန်စာအုပ်ဖြင့် အမျိုးသား
စာပေ (ဘာသာပြန်ရသစာပေ) ဆုရခဲ့သည်။

၁၉၈၁ – အငြိမ်းစားဘဝကို အပြည့်အဝ စတင်ခံ
စားခဲ့သည်။

၁၉၈၇ – ‘ရွှေးခေတ် ပုဂံကဗျာစုနှင့် အခြားကဗျာ
များ’ ကဗျာစာအုပ်ဖြင့် အမျိုးသားစာပေ
(ကဗျာ) ဆုရခဲ့သည်။

၁၉၉၀ – စက်တင်ဘာလ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့
နံနက် ငါးနာရီခွဲအချိန်တွင် ရန်ကုန်မြို့၊
ဗဟန်းမြို့နယ်၊ ကမ္ဘောဇလမ်း၊ အမှတ်
(၁၀–က) နေအိမ်တွင် ကွယ်လွန်သည်။

■